MRTI Myanmar Responsible Tourism Institute

Myanmar Centre for Responsible Business

Hanns Seidel Foundation

၂၀၁၇ ခုနှစ်၊ ဖွန်လ ၁၄ ရက်။

**သတင်းထုတ်ပြန်ချက်**

## "မြန်မာနိုင်ငံတွင် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်လိုသည့် ဒေသခံပြည်သူလူထု ပိုမိုများပြားလာလျက်ရှိရာ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းများ အောင်မြင်ရေးအတွက် မည်သည်တို့ကို ဆောင်ရွက်ရန် လိုပါသလဲ"

မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB)၊ Myanmar Responsible Tourism Institute (MRTI)နှင့် ဟန်းဆိုင်ဒယ်ဖောင်ဒေးရှင်း (HSF)တို့သည် ဒုတိယအကြိမ် ရပ်ရွာလူထုနှင့် ခရီးသွားလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်တွင် ဖွန်လ ၁၃ မှ ၁၄ ရက်နေ့အထိ ပူးတွဲကျင်းပခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲတွင် စုစုပေါင်း ၁၂၀ ဦးခန့် တက်ရောက်ဆွေးနွေးခဲ့ကြသည်။ တက်ရောက်သူများထဲတွင် လက်ရှိ ဒေသခံပြည်သူများ ပါဝင်သည့် ခရီးသွားလုပ်ငန်းများ၊ ခရီးသွားနေရာသစ်၊ ခရီးစဉ်အသစ်များ ဖော်ဆောင်လုပ်ကိုင်နေသူများ၊ နိုင်ငံတကာမှ ကျွမ်းကျင် ပညာရှင်များနှင့် ဒေသတွင် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းများ ဖော်ဆောင်ရန် စိတ်ဝင်စားသည့် ဒေသများမှ လွှတ်တော် ကိုယ်စားလှယ် ၁၅ ဦးခန့်လည်း တက်ရောက်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တင်ပြဆွေးနွေးကြသည့် ခရီးသွားဒေသသစ်များတွင် မြိတ်ကျွန်းစုဒေသနှင့် လမ်ပိကျွန်း၊ ရှမ်းပြည်နယ်ရှိ ခနဒေသတွင် ခရီးကြမ်းလမ်းလျှောက်ခြင်း၊ ရန်ကုန်တိုင်းအနီးရှိ ငရုတ်ကောင်း၊ ဂွ ခရီးစဉ်များ၊ မကျည်းကန်ရွာနှင့် ကန်ပက်လက်ဒေသတို့တွင် လုပ်ကိုင်နေသော ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းများအကြောင်းတို့ ပါဝင်ကြပါသည်။

၂၀၁၅ခုနှစ် ဒီဇင်ဘာလမှာ ပြုလုပ်ခဲ့သည့် ပထမအကြိမ် ရပ်ရွာအခြေပြု အလုပ်ရုံဆွေးနွေးပွဲတွင် တင်ပြ ဆွေးနွေး ခဲ့ကြသည့် မြိုင်၊ အင်းတော်ကြီး၊ ပအိုဝ်းဒေသ၊ ကယားပြည်နယ်၊ ဧရာဝတီမြစ်အထက်ပိုင်းရှိ လင်းပိုင်ကြည့် နိုင်သည့် ခရီးစဉ်များနှင့် သံတောင်ကြီးရှိ ရပ်ရွာအခြေပြုလုပ်ငန်းများက လွန်ခဲ့သည့်နှစ်များ ၄င်းတို့၏ လုပ်ငန်းအောင်မြင်မှု အတွေ့အကြုံများကို ပြောကြားခဲ့ကြသည်။ ၄င်းတို့အနက် အချို့ဒေသများ သည် နိုင်ငံတကာက အသိအမှတ်ပြု ဆုတံဆိပ်များကိုတောင် ရရှိထားပြီးဖြစ်သည်။ ပြည်တွင်းခရီးသွားများ အပါအဝင် လာရောက်လည်ပတ်သူဦးရေ တိုးပွားလာပြီး ဝင်ငွေတိုးလာသော်ငြား ရပ်ရွာအခြေပြုခရီးသွား ဒေသများသည် ၄င်းတို့ လုပ်ငန်းများအကြောင်း၊ ခရီးသွားဒေသနှင့် ထွက်ကုန်များအကြောင်းကို ဈေးကွက်မြှင့်တင်ရာတွင် အခက်အခဲများ ကြုံတွေ့ရဆဲဖြစ်သည်။ အားလုံးကြုံတွေ့နေရသည့် အခြားအခက်အခဲများမှာ လက်လှမ်းမှီနိုင်မှုနှင့် ဒေသခံများအား ဝင်ငွေရနိုင်သည့် အလား အလာများကို ကြာဆင်းစေသည့် နိုင်ငံခြားသား ညအိပ်လက်ခံမှုအပေါ်ရှိနေသေးသည့် ကန့်သတ်ချက်များ၊ ကျွမ်းကျင်သည့် လူ့အရင်းအမြစ် ရှားပါးခြင်းနှင့် နိုင်ငံခြားခရီးသွားများ စိတ်ဝင်စားသည့်အရာ၊ ၄င်းတို့ နေထိုင်ပုံတို့နှင့် ပတ်သက်၍ ဒေသတွင် အသိဗဟုသုတ နည်းပါးခြင်းများ ပါဝင်သည်။

ရပ်ရွာအခြေပြုသည့် ခရီးသွားလုပ်ငန်းအတွေ့အကြုံတွင် သဘာဝပတ်ဝန်းကျင် အသိပညာပေးမှုများ နှင့် ဒေသ၏ ယဉ်ကျေးမှုများနှင့် ပတ်သက်၍ သိရှိဂုဏ်ယူခြင်းနှင့် ကာကွယ်ထိန်းသိမ်းမှုတို့၏ အရေးပါပုံကိုလည်း အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့ကြသည်။

Myanmar Responsible Tourism Institute၏ ဥက္ကဌဖြစ်သူ ဦးညွန့်ဝင်းနိုင်သည် ရပ်ရွာအခြေပြုသည့် ခရီးသွားလုပ်ငန်းသစ်များအတွက် မြန်မာနိုင်ငံရှိ အခြားနေရာများနှင့် အိမ်နီးနားခြင်းနိုင်ငံများ၏ အတွေ့ အကြုံများကို လေ့လာရန် အရေးပါပုံကို ၎င်း၏ အဖွင့်အမှာစကားတွင် ထောက်ပြပြောဆိုခဲ့သည်။ *"ကျွန်တော်တို့ အဖွဲ့အစည်း သုံးဖွဲ့သည် မြန်မာနိုင်ငံမှာရှိတဲ့ လက်ရှိလုပ်ကိုင် လည်ပတ်နေတဲ့ အခြားသော ခရီးသွားလုပ်ငန်းအစီအစဉ်များက အတွေ့အကြုံများကို လေ့လာနိုင်ရန် ရည်ရွယ်ကာ ယခုအလုပ်ရုံ ဆွေးနွေးပွဲကို ဦးစီးကျင်းပခြင်းဖြစ်ပါတယ်။ အလုပ်ရုံဆွေးနွေးပွဲကနေ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း လုပ်ကိုင်မည့် လုပ်ငန်းသစ်၊ နေရာသစ်များ ထွက်ပေါ် လာရေးကို အားပေးဖို့၊ ၎င်းတို့အကြားနှင့် ၎င်တို့ မျှော်မှန်းသည့် ဈေးကွက်အကြား ချိတ်ဆက်ပေးနိုင်ဖို့ အလုပ်ရုံဆွေးနွေးပွဲ့ ရည်ရွယ်ပါတယ်"*

Myanmar Responsible Tourism Institute နှင့် GIZ၏ အကြံပေးဖြစ်သူ Dr Nicole Haeusler ကလည်း *"တစ်ခါတစ်ရံမှာ ဒေသခံပြည်သူတွေအနေနဲ့ ရှိလို့ရှိမှန်းမသိတဲ့ သာမန်အကြောင်းအရာလေးတွေရှိတယ် ဥပမာ ရိုးရာထမင်းဟင်းချက်ပုံတွေ၊ လယ်ယာလုပ်ကိုင်ပုံတွေ၊ လှည်းနဲ့ ခရီးသွားတာတွေ စတဲ့ အချက်တွေက ခရီးသွားတွေကို ပိုပြီး စိတ်ဝင်စား၊ စွဲဆောင်မှုရှိစေတယ်"* ဟု ထည့်သွင်းပြောကြားသည်။ သူမက သူမ မကြာမီကမှ သွားရောက်လည်ပတ်ခဲ့သည့် Luang Phabang ရှိ အောင်မြင်ပြီးသည့် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းများ အကြောင်းကိုလည်း ထည့်သွင်းပြောကြားသွားသည်။ Luang Phabangတွင် လာရောက်လည်ပတ်သူ နိုင်ငံခြားသားများအနေဖြင့် ရိုးရာ စပါးစိုက်နည်းများကို လေ့လာအတွေ့အကြုံယူနိုင်ခြင်းနှင့် ဒေသရှိ ပုံပြင်ပြောပြသည့် ပွဲများကို လည်း တက်ရောက်နိုင်သည်။"

ဟန်းဆိုင်ဒယ်ဖောင်ဒေးရှင်း (HSF)၏ ဌာနေကိုယ်စားလှယ်ဖြစ်သူ Achim Munz ကလည်း *"မြန်မာနိုင်ငံတွင် ရပ်ရွာအခြေပြုတဲ့ ခရီးသွားလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်လိုသည့် ဒေသခံပြည်သူလူထု ပို၍များပြားလာတယ်။ အကြောင်းက ခရီးသွားလုပ်ငန်းက ဒေသတွင်းအလုပ်အကိုင်တွေ ဖန်တီးပေးနိုင်တယ်၊ ဝင်ငွေတိုးပွား လာစေမယ့် အရင်းအမြစ်အသစ်တွေ ဖြစ်ထွန်းလာစေမယ်၊ စားဝတ်နေရေး အတွက် မြို့ကို ပြောင်းရွှေ့မှုဖြစ်မယ်ဆိုတဲ့ ဖိအားတွေကိုလည်း ကျဆင်းလာစေမယ် ဆိုတာ လူထုက သိလာကြတယ်။ ဒေသခံလူထုတွေက သူတို့ ရွေးချယ်တင်မြှောက်တဲ့ လွှတ်တော်အမတ်တွေကို ဒေသမှာ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းတွေ ဘယ်လို စတင်အကောင်အထည်ဖော်နိုင်မလဲဆိုတဲ့ အချက်ကို ပို၍ မေးလာတာ တွေ့ရတယ်။ ဒါ့အပြင် ၎င်းတို့အများစု ခွင့်ပြုချက်လိုင်စင်လျှောက်ထားနိုင်တဲ့ အချက်တွေ၊ လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်း တွေကို ရှင်းရှင်းလင်းလင်း သိရှိထားခြင်းမရှိတာ တွေ့ရတယ်။ မရှင်းလင်း၊ မသေချာမှုတွေနဲ့ မလိုအပ်ပဲ တင်းကျပ်မှုတွေ ရှိနေသေးတာ တွေ့ရတယ်။ ဒီတော့ ရပ်ရွာအခြေပြုတဲ့ခရီးသွားလုပ်ငန်းတွေ အောင်မြင်အောင် သူတို့တွေ ဘာတွေလုပ်ဆောင် သင့်သလဲ။ အစိုးရကကော သူတို့ကို ဘယ်လို ကူညီနိုင်မလဲ၊ အစိုးရ ဘယ်အဆင့်ကနေ ပါဝင်ပတ်သက်သင့်သလဲ။ ဒီနေ့ အလုပ်ရုံ ဆွေးနွေးပွဲမှာ ဆွေးနွေးမှုတွေအားလုံးက ဒီမေးခွန်းတွေအပေါ်မှာ အဓိကထားတယ်။ ဒါမှသာ ရပ်ရွာလူထုတွေအနေနဲ့ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းက အကျိုးအမြတ်ကို ပိုပြီး ခံစားရရှိမှာ ဖြစ်တယ်။"* ဟု ပြောကြားသည်။

Myanmar Centre for Responsible Business

Hanns Seidel Foundation

MCRB ရဲ့ ဒါရိုက်တာဖြစ်သူ ဗစ်ကီဘီမန်က *"ရပ်ရွာအခြေပြုသည့် ခရီးသွားလုပ်ငန်းဆိုတာလည်း စီးပွားရေးလုပ်ငန်း တစ်ရပ်ဖြစ်တယ်ဆိုတာ သတိပြုမိဖို့လိုတယ်။ အရပ်ဖက်အဖွဲ့အစည်းများသည် စီမံကိန်းသစ် စတင်နိုင်ဖို့အတွက် အလှူန်ကို အကူအညီရတယ်၊ သို့သော် အရှည်တည်တံ့ဆုံးဖြစ်တဲ့ ရပ်ရွာအခြေပြုတဲ့ ခရီးသွားလုပ်ငန်းတွေက ဒေသမှာရှိတဲ့ စွန့်ဦးတီထွင် စီးပွားရေးလုပ်ကိုင်သူများက ဖော်ဆောင် လုပ်ကိုင်တဲ့ စီမံကိန်းတွေသာဖြစ်တယ်ဆိုတာ သတိပြုမိစေလိုပါတယ်။ ဒေသမှာရှိတဲ့ စွန့်ဦးတီထွင် စီးပွားရေးလုပ်ကိုင်သူများဆိုတာက ဒသအစားအသောက် ထွက်ကုန်များနှင့် အနီးအနားမှာရှိတဲ့ ခရီးသွားဖွံ့ဖြိုးရာဒေသအတွက် လက်ဆောင်ပစ္စည်းများ ထုတ်လုပ်တာ ဖြစ်ကောင်းဖြစ်မယ်၊ သို့မဟုတ် စားသောက်ဆိုင် အသေးလေး ဖွင့်လှစ်လုပ်ကိုင်ခြင်း၊ သို့မဟုတ် တည်းခိုခန်း သို့မဟုတ် အတွေ့အကြုံသစ်တွေပေးမယ့် ခရီးစဉ်မျိုးလုပ်ငန်းမျိုးကို လုပ်ကိုင်နေသူတွေလည်း ဖြစ်နိုင်တယ်။ အဆိုပါ စွန့်ဦးတီထွင်လုပ်ကိုင်သူများအတွက် ၎င်းတို့လုပ်ဆောင်မှုများ အောင်မြင်ရန်အတွက် အစိုးရက မလိုလားအပ်တဲ့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာမှ အခက်အခဲများကြောင့် ကြန့်ကြာမှုများအပါအဝင် အဆိုပါလုပ်ငန်းများ ကြုံတွေ့ရသည့် အခက်အခဲများကို နားလည်ပြီး၊ ၎င်းတို့အတွက် ပို၍လွယ်ကူ မြန်ဆန်အောင် ဆောင်ရွက်ခြင်းဖြင့် ဖန်တီးမှုနှင့် ဖွံ့ဖြိုးကြီးထွားလာမှုကို အားပေးဖို့ လိုပါတယ်"* ဟု ပြောကြားသွားသည်။

နောက်ခံအကြောင်း

၁။ ပထမအကြိမ် နိုင်ငံလုံးဆိုင်ရာ ပြည်သူလူထုနှင့် ခရီးသွားလုပ်ငန်းဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလက နေပြည်တော်တွင် ကျင်းပခဲ့ပါသည်။
http://www.myanmar-responsiblebusiness.org/news/community-involved-tourism.html

၂။ အလုပ်ရုံဆွေးနွေးပွဲ အစီရင်ခံစာနှင့် တင်ပြဆွေးနွေးချက်များကို www.mcrb.org.mm တွင် သွားရောက် ဖတ်ရှုရယူနိုင်ပါသည်။ ထို့အတူ "Community Tourism Tea Shop" Facebook page တွင်လည်း သွားရောက် ကြည့်ရှုနိုင်ပါသည်။

၃။ ဟန်းဆိုင်ဒယ်ဖောင်ဒေးရှင်း (HSF)က မြန်မာအစိုးရ၏ ၂၀၁၂ ခုနှစ် "တာဝန်သိခရီးသွားလုပ်ငန်း မြှင့်တင်ရေး မူဝါဒ" (2012 Responsible Tourism Policy) နှင့် "၂၀၁၃ ခုနှစ် ပြည်သူလူထုပါဝင်သော ခရီးသွားလုပ်ငန်း" 2013 Community Involved Tourism Policy တို့ ရေးဆွဲရာတွင် ပံ့ပိုးဆောင်ရွက်ခဲ့သည်။
http://www.hss.de/southeastasia/en/myanmar/our-work-in-myanmar.html
http://www.hss.de/fileadmin/suedostasien/myanmar/downloads/130530-Community-Involvement-in-Tourism.pdf

၄။ မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး အထောက်အကူပြုဌာနသည် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလက "ခရီးသွားလုပ်ငန်း ကဏ္ဍအလိုက် သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်း" အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။
http://www.myanmar-responsiblebusiness.org/swia/tourism.html

၅။ Myanmar Responsible Tourism Institute (MRTI) သည် ၂၀၁၆ ခုနှစ်က တည်ထောင်ခဲ့သည် NGO တစ်ခုဖြစ်ပြီး ဗဟုသုတဝေမျှခြင်း၊ သင်တန်းများပေးခြင်းနှင့် သုတေသနပြုလုပ်ခြင်းများမှ တဆင့် မြန်မာနိုင်ငံတွင် တာဝန်သိ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာရေးကို ပံ့ပိုးကူညီရန် ရည်ရွယ်ပါသည်။
www.myanmarresponsibletourism.org

၆။ ဖော်ပြပါ အဖွဲ့သုံးဖွဲ့အနေဖြင့် နေပြည်တော်တွင် သက်ဆိုင်သူအားလုံးပါဝင်သော အလုပ်ရုံဆွေးနွေးပွဲများကို ပူးပေါင်း ကျင်းပခဲ့ရာ တာဝန်သိ ခရီးသွားလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲ (အောက်တိုဘာ ၂၀၁၅)၊ ပေလီတတွင် ၂၀၁၆ နှင့် ၂၀၁၇ နှစ်တို့တွင် ကျင်းပခဲ့သည်။

<u>အသေးစိတ်သိရှိနိုင်ရန်အတွက် ဆက်သွယ်ရန်</u>

English:

- Achim Munz, HSF munz@hss.de

မြန်မာ:

- ဝေဖြိုးမြင့်၊ MCRB waiphyo.myint@myanmar-responsiblebusiness.org 09795333831
- ညွန့်ဝင်းနိုင်၊ MRTI ko.nyunt@myanmarresponsibletourism.org 09795350688